
ရွှေပဒေသာစာပေ

# ကြယ်စင်မျှဝေ

## မုန်တိုင်းရင့်ရင့်လှိုင်းရင့်ရင့်



အချစ်

လုံးချင်းဝတ္ထုသစ်

# အခန်း (၁)

'**နိဒါန်းစံအိမ်**' တဲ့ ...

ကိုရီးယားရုပ်ရှင်ကားထဲကလို ပုံစံလှလှနှစ်ထပ်တိုက်ကြီးကို လှမ်းကြည့်ပြီး 'နွေရင့်ကျူး' အားငယ်နေမိသည် ။ ဒူးတွေကလည်း တဆတ်ဆတ်တုန်မတတ်။

အခြေအနေအရ အစေအပါးလာလုပ်ရမှာ ပေမယ့် နွေရင့်ကျူးဆိုတာလည်း မနေ့ကအထိ ဇာတိပုည ဂုဏ်မာနနှင့်နေလာခဲ့ရသည့် တက္ကသိုလ်ကျောင်းသူတစ်ယောက်ပါ။

ဘဝဆိုတာလည်း ဘယ်လိုမှ မထင်မှတ်စရာ အဖြစ်ဆိုးတွေနှင့် ကြုံတွေ့ကြရပါသည် ။ သူမမှာ အဖြစ်ဆိုးလွန်းလို့ အိပ်မက်လို့ ပင် မှတ်ထင်လိုက်ချင်သည် ။

ပြီးခဲ့သည့်သုံးလလောက်က လစာထုတ်သွားရင်း ဖေဖေ့ကို သူ့သစ်စက်မှ အလုပ်သမားတွေ ဝိုင်းရိုက်ကြသည် ။ သည် တော့ ဖေဖေနှင့်အတူပါသွားသည့် သူမ၏ မောင် မိုးအောင်ကျူးမှာ ကိုယ့် အဖေအတွက် ကာကွယ်ခုခံရင်း အလုပ်သမားတစ်ယောက်ကို ထိခိုက်ဒဏ်ရာရစေခဲ့သည် ။

လက်ပြဲထဲမှာ မည်သူ့လက်ချက်မှန်းမသိပေမယ့် သေသွားသည့်အ

လုပ်သမားကို သတ်သည့် တရားခံအဖြစ် မောင်လေးမိုးအောင်ကျူး စွပ်စွဲခံခဲ့ရသည် ။

နောက်ဆုံးတော့ ဖေဖေက ဒဏ်ရာအကြီးအကျယ်နှင့် နာလန်မထူနိုင်ခဲ့သလို၊ မိုးအောင်ကျူး မှာ လည်း အမှုအတွက် ရှေ့နေငှား၊ တရားသူကြီးကိုချဉ်းကပ်၊ ဟိုပေးဒီပေးကြားကပင် လူသတ်တရားခံအဖြစ် အချုပ်ကျ၊ ထောင်ကျရပေတော့မည်။

ဖေဖေက သစ်စက်မန်နေဂျာ။ ဘယ်လိုကဘယ်လိုတွေ ဖြစ်ကြသည် မသိ၊ ဖြစ်နိုင်တာကတော့ ဖေဖေဦးအောင်ကျူးဟာ မှန်ကန်သူမို့ မမှန်ကန်သည့်အလုပ်သမားတွေက ဝိုင်းရိုက်ကြတာ ဖြစ်မည်။ ကြားထဲက မိုးအောင်ကျူးတစ်ယောက် ရန်ပွဲရှုပ်ရှုပ်ထွေးထွေးထဲမှာ ဖခင်အတွက် ခုခံကာကွယ်ရင်း ဓားခုတ်ရာ လက်ဝင်သျှိုရပေပြီ။

သူမတို့ နေထိုင်ရာ တောင်ငူမြို့မှာ နေလို့ မရလောက်အောင် ရန်သူတွေ ပေါများ ခဲ့သည် မို့ ဖေဖေရယ်၊ မေမေဒေါ်သန္တာနှင့် သူမနွေရင့်ကျူးတို့ မေမေ့အစ်ကိုရှိရာ အင်းစိန်သို့ပြေးလာခဲ့ရခြင်း ဖြစ်သည် ။

ရှိစုမဲ့ဥစ္စာပစ္စည်းလေးများမှာ လည်း အမှုအခင်းဖြစ်ရခြင်းကြောင့် ကုန်ခဲ့ပေပြီ။ နောက်ဆုံး သားဖြစ်သူ ထောင်ကျ၊ ဖေဖေက ခြေတစ်ဖက်လက်တစ်ဖက် မသတ်တော့သည့်ဘဝ။

ရှိသည့်အိမ်လေးကို ငွေပေါ်ရောင်းချခဲ့ပြီး၊ ကြွေးဆပ်ဘာဆပ်၊ ကျန်သည့်ငွေလေးနှင့် ဦးလေး ရှိရာ အင်းစိန်သို့ ပြေးခဲ့ကြရသည် ။

အင်းစိန်ရောက်တော့ ဦးလေးရဲ့ နှစ်ထပ်သစ်သားအိမ်လေးမှာ သူမတို့ မိသားစုကို တစ်ခန်းပေး ရှာပါ၏။ နောက် ကိုယ့်ထမင်းအိုးနှင့်ကိုယ် ချက်စားပေ့။ နေစရာပေးပြီး စောင့်ရှောက်ဖော်ရတာပင် ကျေးဇူးတင်ရ

ပါပြီ။

တစ်လလောက် အလုပ်ရှာရင်း ဖေဖေ့ကိုလည်း ဆေးကု ထိုင်းစားနေကြရာမှ ဟိုအလုပ် လျှောက်လိုက် သည် အလုပ်လျှောက်လိုက်။ မောင်လေးအတွက် ထောင်ဝင်စာတွေ့တာ၊ နောက် ဖေဖေ့ဆေးဖိုး၊ အိမ်စရိတ်တွေကလည်း တစ်လတစ်လ မနည်း။

သူမရမည့်အလုပ်က ငါးသောင်းခြောက်သောင်း။ ဘယ်လိုမှ အလုပ်မဖြစ်၊ နွေရင့်ကျူးရဲ့ ပညာအရည်အချင်းကရော၊ လှည်းကျိုးကန့်လန့်ဆိုသလိုပဲ၊ ဒုတိယနှစ်အောင်ရုံပဲရှိသည် ။ ကျန်သည့် တစ်နှစ်လေးကိုပင် မတက်နိုင်တော့။ အင်္ဂလိပ်စာမေဂျာနှင့် ဒုတိယနှစ်ပြီးရုံ။

သည် ကနေ့ ဦးလေးမိန်းမ ဒေါ်တင်တင်အိရဲ့ အဆက်အသွယ်နှင့် နွေရင့်ကျူး နိုဒါန်းစံအိမ်သို့ ရောက်လာခဲ့ရသည် ။ အင်းစိန်မှ လိုင်းကားတိုးစီးလာရသည့်အတွက် နွေ့အသွင်က ချွေးသံတွေနှင့်။

ခြံဝမှ လူခေါ်ဘဲလ်ကို နှိပ်လိုက်တော့ အိမ်ထဲမှ မိန်းမကြီးတစ်ယောက် ထွက် လာပြီး ခြံတံခါး ဖွင့်ပေးခဲ့သည် ။ မိန်းမကြီး၏ အသွင်က အသက်လေးဆယ်ကျော်၊ ခပ်ဝဝ။ ဝတ်ပုံစားပုံက ဆံပင် ကောက်ထားပြီး ဂါဝန်ပွပွကြီးနှင့်။ မျက်နှာထားဆိုးဆိုး။

"ဘာလဲ၊ ဘာကိစ္စရှိလို့ လဲ"

"ကျွန်မ အလုပ်လာဝင်တာပါ"

"သြော် ... နွေမ ဆိုတာလား။ ရုပ်ကလည်း စုတ်ပြတ်နေတာပဲ"

နွေရင့်ကျူးဆိုသည့်အမည်ကို မပြောရဲ။ နွေမဆိုတာကိုတောင် ကဲ့ရဲ့သံက အဆင်သင့်။ သူမမှာ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့နေရသည် ။ အန်တီက ပြောထားသည် မဟုတ်ပါလား။

"ဟဲ့ နိဒါန်းစံအိမ်မှာ လူနာစောင့်လုပ်ရမယ်။ လူနာက ကားအက်ဆီး ဒင့်ဖြစ်ပြီး အကြောတွေ သေသွားတယ်ဆိုလားပဲ"

"ဒါဆို လုံးဝ မလှုပ်နိုင်တော့ဘူးပေ့ါ၊ ဟုတ်လားအန်တီ၊ ဖေဖေ့လိုပေ့ါနော်၊ ဒါပေမဲ့ ခြေတစ်ဖက် လက်တစ်ဖက်တင် မသန်တာ။ လူနာက ယောက်ျားလား၊ မိန်းမလား"

"ယောက်ျား ... ဒါပေမဲ့ လူကြီးလေ၊ ကလေးမှ မဟုတ်ဘဲ။ လစာကို တစ်လကို စရိတ်ငြိမ်း ခြောက်သောင်းတဲ့ "

"စရိတ်ငြိမ်းဆိုတာ"

"ဩော် ... သူ့အိမ်မှာ သွားနေရမှာ တော့ ထမင်းကျွေးမှာ ပေ့ါ တူမရယ်။ အိမ်ကို ငွေအကုန်လုံး ပြန်ပေးနိုင်တာပေ့ါ"

နွေရင့်ကျူး စဉ်းစားရသည် ။ အိမ်ကို ခြောက်သောင်းလုံး ပြန်ပေးနိုင်မည်ဆိုတော့ မဆိုး။ အခြားအလုပ်တွေက လမ်းစရိတ်နုတ် ဘာနုတ်နှင့်၊ တစ်လကို သုံးသောင်းလောက် ကျန်ပြီး အဲဒီထဲက ကိုယ်ပါ ထမင်းစားရမည့်အဖြစ်။

"ဆီး ဝမ်းကိစ္စတွေပါ လုပ်ပေးရမှာ လား။ အဲဒါဆို နွေကလည်း ရှက် ၊ လူနာကလည်း ရှက်နဲ့ ဖြစ်ပ့ါမလား အန်တီရယ်"

"လူနာက အဲဒီလောက်ကြီးတော့ အခြေအနေမဆိုးဘူး။ အိပ်ရာပေါ်မှာ ပက်လက်တော့ မဟုတ်လောက်ဘူး။ အဆင်ပြေမှာ ပါ။ တစ်ခုတော့ ရှိတယ်နော်၊ လူနာက စိတ်အရမ်းတိုတယ်တဲ့ ။ လူနာစောင့်တွေ မမြဲဘူးတဲ့ "

"ရှင်"

"လစာကတော့ မက်လောက်စရာပါ။ ငွေကြိုယူလည်း ရတယ်တဲ့ ။

ငွေကြိုယူလို့ ရရင် နွေ့ အမေကို အိမ်မှာ ဈေးဆိုင်လေးဘာလေး ဖွင့်ပေးထားလို့ ရတာပေါ့။ သူ့ယောကျ်ားကို ပြုစုစောင့်ရှောက်ရင်း အိုးမကွာအိမ်မကွာ အလုပ်ဖြစ်တာပေါ့"

နောက်ဆုံး ဒေါ်တင်တင်အိ အကြံပေးသည့်အတိုင်းပင် သူ့အဆက်အသွယ်နှင့် သူမ ယခုလို အလုပ်လာဝင်ရတာပါ။ နွေ့လက်ထဲမှာ ကျောပိုးအိတ်အသေးလေးနှင့်။ အဝတ်ကလေး နှစ်စုံသုံးစုံ ထည့်လို့ ပေါ့။

"ကြိုပြောထားတယ်နော်။ လူနာစောင့်တွေ မမြဲလို့ အခုအချိန်ကစပြီး စာချုပ်နဲ့ အလုပ်လုပ်ရမယ်။ အနည်းဆုံးခြောက်လပဲ။ တစ်လကို ခြောက်သောင်းနဲ့ ၊ ခြောက်လစာငွေကို တစ်ခါတည်း ပေးလိုက်မယ်။ ကြိုက်ရင်လုပ် မကြိုက်ရင် မလုပ်နဲ့ "

"ဟို ... လူနာကို ကြည့်ပါရစေဦးရှင်၊ သူက သိပ်များ ဇီဇာကြောင်နေသလား"

"လူနာပဲ၊ စိတ်တိုင်းမကျတော့လည်း စိတ်တိုမှာ ပေါ့။ ညည်း စိတ်ရှည်လက်ရှည်နဲ့ သူ့စိတ်တိုင်းကျ ပြုစုပေးပါ။ ညည်း မလုပ်ချင်လည်း ရတယ်၊ လုပ်ချင်တဲ့ သူတွေကို ပြည့်လို့ ။ သွား ငါ့မှာ အချိန်မရှိဘူး။ လုပ်ချင်လုပ် မလုပ်ချင်ပြန် ... ဒါပဲ"

အန်တီကြီးက အိမ်ထဲထိပင် ဝင်ခွင့်မပေးဘဲ ခြံဝမှာ ပင် အပြတ်ဖြတ်နေတော့ နွေ့ရင့်ကျူး အလျင်အမြန်စဉ်းစားရသည် ။ မေမေ့ကို အိမ်ဆိုင်လေး တည်ပေးဖို့ အရေးကြီးသည် ။ ဖေဖေ အဆင်ပြေဖို့ ၊ မောင်လေး ထောင်ထဲမှာ အဆင်ပြေဖို့ ။

လူနာဟာ ဒေဝဒတ်လောက် ဆိုးနေပါစေ ...

"ကျွန်မ လုပ်ပါ့မယ်ရှင်"

"ဒါဆို ... လာ၊ တစ်ခါတည်း ခြောက်လစာ ပေးလိုက်မယ်။ ညည်းမှတ်ပုံတင် ထားခဲ့။ အလုပ် ဝင်တာတော့ မနက်ဖြန်မှ ဝင်"

နွေရင့်ကျူး စိတ်ထဲမှာ တထင့်ထင့်နှင့်ပင် စာချုပ်မှာ လက်မှတ်ထိုး၊ ငွေယူပြီး၊ မှတ်ပုံတင် အပ်ပစ်ခဲ့ရသည် ။

"အိမ်ကို တစ်လမှာ တစ်ရက်ပြန်ခွင့်ရှိတယ်။ ကျန်တာတော့ ပြန်လို့မရဘူး"

"ကျွန်မမိဘတွေ ကျန်းမာရေးမကောင်းတဲ့ အခါကျရင်ရော၊ ကိစ္စအရေးကြီးရင် ပြန်ခွင့်ပေးပါ"

"တကယ် ဆိုရင်တော့ ပေးမှာ ပေါ့။ လိမ်တာညာတာတွေ မလိုချင်ဘူးနော်"

စိတ်ထဲမှာ ခံပြင်းပေမယ့် နွေ ဘာမှ ပြန်မပြောချင်တော့။ ကိုယ့်ဘဝက အရင်လို လေမှာ ပျံ့ဝဲ နိုင်သည့် ငှက်တစ်ကောင် မဟုတ်တော့။ အခြေအနေနှင့် အချိန်အခါအရ သူတစ်ပါးအိမ်မှာ အလုပ်ဝင် ရပေတော့မည်။

"ကဲ ... ပြန်လိုက်ဦး။ မနက်ဖြန်မှ အလုပ်ဝင်။ စောစောလာခဲ့နော်၊ ရှစ်နာရီထက် နောက်မကျနဲ့ "

"ဟုတ်ကဲ့ပါ"

သူမ နိဒါန်းစံအိမ်မှ ပြန်ထွက်ခဲ့လေသည် ။

******

# အခန်း (၂)

မေမေ့ကို ငွေအပ်၊ ဖေဖေ့ကို ကန်တော့ခဲ့ပြီး၊ နွေ့ရင့်ကျူး နိဒါန်းစံအိမ်သို့ မနက်ရှစ်နာရီအမီ ပြန်ရောက်ခဲ့ရသည် ။ မေမေတို့ ကိုတော့ ကလေးထိန်း၊ စာပြရသည် လို့ ပြောခဲ့ရသည် ။ လူနာစောင့် အလုပ်ဆို စိတ်မကောင်းဖြစ်ကြမှာ စိုးလို့ ပါ။

ဒီအိမ်မှာ လူတွေ ဘယ်နှယောက်တောင် ရှိသလဲ။ လူနာကရော ဘယ်လောက်တောင် ဆိုးသလဲ။ ဘာမှ မသိဘဲနှင့် လက်မှတ်ထိုး စာချုပ်ချုပ်ခဲ့မိတာ နွေ့ နောင်တရမိချင်ချင်။

ဟင်း … လာမယ့်ဘေး ပြေးတွေ့ရရုံပဲ။ စိတ်ကောင်းထားပြီး စိတ်နှလုံးဖြူစင်ရင် အရာရာ အဆင်ပြေသွားမှာ ပါလေ။ ကိုယ့်စိတ်ကိုယ်တင်းပြီး၊ နွေ့ ခြံစောင့်ကြီးဖွင့်ပေးသည့် ခြံတံခါးမှ တစ်ဆင့် အိမ်ထဲသို့ မဝံ့မရဲဝင်လာခဲ့ရသည် ။

တစ်ချိန်က လျှမ်းလျှမ်းတောက်ခဲ့ရသည့် စိတ်တွေဟာ ယခုတော့ ဟိုးအောက်ခြေ အဝီစီထိပင် ကျလုမတတ်။ အခြေအနေနှင့် အချိန်အခါအရ သူမအဖြစ်က အစွယ်ကျိုးသည့်မြွေ။

အင်းလေ၊ ဒါဟာလည်း မိဘကိုလုပ်ကျွေးချင်လို့ အခိုက်အတန့်လာပြီး လုပ်နေရတာပါ။ ခြောက်လလုပ်ပြီးလို့ မေမေ့ဈေးဆိုင်လေး အဆင်ပြေနေရင် ငါ အိမ်မှာ ပြန်နေလို့ ရတာပဲ။

ကိုယ့်ကိုယ်ကိုယ်အားပေးရင်း ညှော်ခန်းမှာ သူမရပ်နေမိစဉ် ခမ်းနားကြီးကျယ်လှသည့်အိမ်ကြီးကို ဘာရယ်မဟုတ် လှျောက်ငေးမိပြန်သည် ။ ရုပ်ရှင်ထဲက အိမ်တွေလိုပါပဲ၊ အဆောင်ဆောင် အခန်းခန်းနှင့်။

ဩော် … ချမ်းသာတဲ့ လူတွေကျတော့လည်း မသေခင်ကိုပဲ အရှင်လတ်လတ် နတ်ပြည် ရောက်နေကြသလိုပဲ။ ငါတို့ ဘဝကတော့ အရှင်လတ်လတ် ငရဲပြည် ပစ်ချခံရတဲ့ ဘဝ။ မနေ့ကထိ တက္ကသိုလ်ကျောင်းသူကလေး၊ မိဘရဲ့ အရိပ်မှာ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းမြေ့မြေ့နဲ့ စာသင်ခဲ့ရတယ်။

လောကဓံဆိုတာ ဒါလား။ ခါးသီးလိုက်တဲ့ ကံကြမ္မာကြီးရယ်။ တစ်ခါလောက်တော့ ကျွန်မ တို့ မိသားစုကို မျက်နှာသာပေးပါဦး။ ပျော်ရွှင်ခွင့်လေး ပေးပါဦးနော်။

သည် စဉ် တစ်နေရာမှ လူတစ်ယောက်ပေါ်လာခဲ့ပြီး ညှော်ခန်းထဲသို့ ရောက်လာ၏။ အသက် လေးဆယ်ကျော်ရှိပြီး အသားလတ်လတ်၊ ကိုယ်ခန္ဓာဖြောင့်ဖြောင့်နှင့်။ ရုပ်ကလည်း ချောချောထဲပါသည် ။ ဝတ်ပုံစားပုံက သူဌေးတစ်ယောက်လို။

သူ အိမ်ရှင်သူဌေးလား။ လူနာက သူနဲ့ ဘာတော်သလဲ။ နွေ့ကိုကြည့်ပြီး သူက အပြုံးနှင့် ပြော လိုက်သည် မှာ …

"ဩော် … ညီလေးအတွက် အလုပ်ဝင်မှာ မင်းလား။ ညီလေးက စိတ်ဓာတ်တွေလည်း အရမ်း ကျနေတော့ စိတ်တိုတယ်နော်။ မင်းစိတ်ရှည်မှ ဖြစ်မယ်"

နွေ့ကို သူက မထိုင်ခိုင်းပါ။ နွေ့တစ်ကိုယ်လုံးကိုသာ အကဲခတ်သည့် အကြည့်နှင့် သိမ်းကျုံး ကြည့်လျက်။ အကြည့်က ပမာမခန့်နှင့်။

"ရှည်ပါ့မယ်ရှင် ... ဘာဖြစ်လို့ လဲဆိုတော့ ကျွန်မက ခြောက်လစာ ကြိုထုတ်ပြီးဖြစ်နေလို့ ပါ"

"ဟား ... အဖြေကိုတော့ ကြိုက်သွားပြီ၊ ကဲကဲ ... ဘာမှ အားမယ်ပါနဲ့ ကွာ၊ ကိုယ့်နာမည်လည်း မှတ်ထား၊ ဦးရဲလင်းတဲ့ ။ ဘုန်းနိဒါန်းရဲ့ အစ်ကို"

"အစ်ကိုဆိုပေမယ့် ဝမ်းကွဲအစ်ကိုဆိုတာလည်း ထည့်ပြောဦးလေ ဦးရဲလင်းရဲ့ ။ အဟင်းဟင်း ..."

ယခုမှ ဝင်လာရင်း ပြောလိုက်သူက နွေး မနေ့က တွေ့ခဲ့ရသည့်မိန်းမပါ။ ပုံစံကြည့်ရတာ တစ် ယောက်နှင့်တစ်ယောက် မကြည်ဖြူကြသည့် အသွင်။

"ဩော် ... မသန်းသန်းစုရယ်၊ ကျုပ်က ဝမ်းကွဲပေမယ့် သွေးသားရင်းချာတွေပါဗျာ။ ခင်ဗျားသာ ဘာမှ သွေးမတော်သားမစပ်ဘဲ အရှက်မရှိ ကပ်နေတာ"

"အို ဘာဖြစ်လို့ မတော်ရမှာ လဲ၊ ကျွန်မက သူ့ယောက္ခမလောင်းပဲရှင့် ။ ကိုယ့်သမီးတစ်ယောက်လုံး ပေးထားရတဲ့ ကိုယ့်သမက်လောင်း ဒီလောက်နေထိုင်မကောင်းဖြစ်နေတာ၊ ပြုစုကြည့်ရှုရမယ့်ဝတ္တရား ရှိတာပေါ့"

"အသံကောင်းလွှင့်မနေစမ်းပါနဲ့ ဗျာ၊ ခင်ဗျားသမီးလည်း သေသွားပါပြီ။ သူတို့ မှာ လက်ထပ်ရ သေးတာလည်း မဟုတ်ဘူး "

"အဲဒါဘာဖြစ်သလဲ ... နင်သာ အစ်ကိုဝမ်းကွဲဖြစ်ပြီး အရင်းလိုလို ဘာလိုလိုနဲ့ အတင်းကပ်နေတာ။ အမွေလိုချင်လို့ မဟုတ်လား"

သူတို့ နှစ်ယောက် လောဘ မစ္ဆရိယတွေ တငေါငေါနှင့်

ရန်ဖြစ်နေကြတာက ကိစ္စမရှိ။ နွေ့မှာ ကြားထဲက မျက်လုံးပြူးနေရ၏။ သည် အိမ်မှ အတွင်းရေးကိုလည်း တစ်ခါတည်းသိသွားရပေပြီ။ တကယ့် ဇာတ်ရှုပ်တွေပါလား။ သူတို့ ကြားထဲ မညပ်မိအောင် ကြည့်ရှောင်ရမယ်။

သူတို့ နှစ်ယောက်၏ စကားစစ်ထိုးပွဲက ပိုမိုပြင်းထန်လာပေပြီ။ နှစ်ယောက်လုံး လောဘတွေ တငေါငေါထွက်နေသည် မို့ ပတ်ဝန်းကျင်ကိုလုံးဝဂရုမစိုက်နိုင်ကြ။ ပြီးတော့ နွေမဆိုတာက သူတို့ အိမ်အတွက် အစေအပါးမဟုတ်လား။

"ခင်ဗျားသာ အမွေလိုချင်လို့ ကပ်နေတာ။ ဒီမှာ ဒေါ်သန်းသန်းစုရဲ့ ၊ ခင်ဗျား သေချာမှတ်ထား လိုက်ဦး။ သမက်လောင်းသေလို့ ယောက္ခမလောင်း အမွေရတယ်ဆိုတာ ထုံးစံမရှိဘူး။ ညီသေရင်သာ အစ်ကိုက အမွေရတာ"

"ဟင်! ကြည့်စမ်း ကြည့်စမ်း ... နင်က ငါ့သမက်လောင်းကို သေကြောင်းကြံစည်မလို့ ပေါ့ လေ၊ ဟဲ့! လဒရဲ့ ၊ နင်က ငါ့သမက်လောင်း အသေစောင့်နေမှန်း ငါသိတယ်"

"ခင်ဗျားကြီး မဟုတ်တာတွေ မပြောနဲ့ ။ ကျုပ်က ကျုပ်ညီကို လာပြီး စောင့်ရှောက်နေတာ။ ခင်ဗျားသာ ပစ္စည်းဥစ္စာလောဘတွေ တက်ပြီး နောက်သမီးတစ်ယောက်နဲ့ အိပ်ရာပေါ်က ဗိုးချဲပေါ်က လူမမာကို အတင်းပေးစားချင်နေတာ"

နှစ်ယောက်သား ထသတ်ကြတော့မတတ်ပင် ရန်တွေစောင်နေကြသဖြင့် နွေ ဘယ်ပြေးရ မှန်းမသိဖြစ်နေစဉ် သူမလက်ကို တစ်ယောက်ယောက် လာဆွဲသဖြင့် နွေမ လန့်သွားရ၏။

"အမယ်လေး!"

"လာလာ ... တူမ၊ အထဲကိုဝင်"

နွေ လှည့်ကြည့်လိုက်တော့ အသက်ငါးဆယ်ခန့်အဒေါ်ကြီးတစ်ဦး။ သူမလိုပဲ ဒီအိမ်က အလုပ်သမားဖြစ်ရမည်။ နွေရင့်ကျူး အဒေါ်ကြီးနောက်မှ လိုက်သွားလိုက်သည် ။

မီးဖိုနားမှ အခန်းတစ်ခန်းတွင် နေရာချပေးရင်း ထိုအဒေါ်ကြီးက နွေရင့်ကျူးကို သနားကရုဏာသက်စွာ ကြည့်လိုက်သည် ။

ဖြူနုသောအသားနှင့် ထူးခြားစွာချောမောလှပသည့် ရုပ်ကလေးကို နှမြောတသစွာ ကြည့်ရင်း ...

"အဒေါ်နာမည် ဒေါ်မြခက်တဲ့ ။ ဒီအိမ်မှာ အလုပ်သမားနှစ်ယောက်ရှိတဲ့ အထဲက တစ်ယောက်ပေ့ါ။ နောက်တစ်ယောက်က ဖြူဖြူလွင်တဲ့ ။ တူမနာမည်က"

"နွေမပါ ဒေါ်ဒေါ်၊ သမီး ဒေါ်ဒေါ်ကို မြင်မြင်ချင်း အားကိုးမိပါတယ်။ သမီးကို စောင့်ရှောက်ပါ နော်"

"စိတ်ချပါ ကလေးရယ်၊ အဒေါ်စောင့်ရှောက်ပ့ါမယ်။ ဦးရဲလင်းကိုရော ဒေါ်သန်းသန်းစုကိုပါ လုံးဝမယုံနဲ့ နော်။ ဆရာလေးကိုတော့ သည်းခံပါကွယ်။ သူ့ခမျာ ကိုယ့်ဘဝကိုယ်မပိုင်တော့သလိုမျိုး အပြင်အဖြစ်ဆိုးတွေကိုလည်း မမေ့နိုင်တော့"

သည် စဉ် အခန်းအပြင်ဘက်မှ ခြေသံပြင်းပြင်းနှင့် ဒေါ်သန်းသန်းစု အသံကြောင့် ဒေါ်မြခက် အလန့်တကြားဖြစ်သွားရသည် ။

"ဒေါ်မြခက် ဘာတွေအတင်းပြောနေတာလဲ၊ ကိုယ်လုပ်စရာရှိတဲ့ အလုပ် သွားလုပ်။ ဟို ဒီနေ့ ရောက်တဲ့ လူနာစောင့်မ။ ညည်းကို ငါ သတိပေးထားလိုက်မယ်။ ကိုယ့်အလုပ်ကိုယ်လုပ်၊ စကားများ တာ

အတင်းပြောတာတွေ ငါ မကြိုက်ဘူး"

"ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ"

"ညည်းအလုပ်က ငါ့သမက်ကို အဆင်ပြေအောင် လုပ်ကိုင်ပေးရမယ်။ လူနာနဲ့ လက်တစ်ကမ်းမှာ နေပြီး လိုအပ်တာ လုပ်ပေးရမှာ ။ သူ့စားရေးဝတ်ရေး ... အကုန် ညည်းတာဝန်ပဲ"

"ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ"

"ဆရာဝန်က တစ်ပတ်တစ်ခါ အမြဲလာစစ်တယ်။ နေ့တိုင်း ဆေးမှန်မှန်တိုက်ရမယ်။ ကဲ ... လာ၊ ညည်းကို လူနာဆီ ငါခေါ်သွားမယ်"

ဒေါ်မြခက်က မီးဖိုဘက်သို့ အပြေးလေးထွက်သွားသလို နွေရင့်ကျူးက ဒေါ်သန်းသန်းစု နောက်သို့ လိုက်ခဲ့ရသည် ။ သူမ ဝတ်ထားမိတာကို ငုံ့ကြည့်ပြီး လူနာကြိုက်ပါ့မလားဟု နွေ စိုးရိမ်ရ သေး၏။

သဏ္ဌာန်လုပ် သရုပ်တူအောင် ကောလိပ်တက်သည့်အဝတ်တွေ မဝတ်ဘဲ ချည်ထည်ပန်းနု ရောင်ဝမ်းဆက်လေးသာ နွေရင့်ကျူး ဝတ်ဆင်လာခဲ့သည် ။ ဘောင်းဘီတွေ စကတ်တွေ လုံးဝ မဝတ် ရဲပါ။ ကိုယ်က သူများ အိမ်မှာ အစေအပါးဘဝလေး။

မြန်မာအင်္ကျီခါးတင် ရင်စေ့ လက်စကလေးနှင့် လုံချည်နှင့်မို့ သူမ၏ ပြေပြစ်သော ကောက်ကြောင်းက နွေ့ကိုယ်ပေါ်မှာ ကြော့ကြော့ရှင်းရှင်း ချပ်ချပ်ရပ်ရပ်၊ အရပ်ကလည်း ငါးပေ ခြောက်လက်မမို့ မားမားမြင့်မြင့်၊ ငွားငွားစွင့်စွင့်။

ဒေါ်သန်းသန်းစုက ခမ်းနားလှပသည့် လှေကားကိုတက်နေရင်းမှ နွေ့ကိုကြည့်ပြီး စကား တစ်ခွန်းဆို၏။

"ညည်းကိုရွေးလိုက်တာ ညည်းရုပ်က ဖြူစင်ပြီး ဗလလည်း ကောင်း

လို့ ပဲ"

"ရှင်!"

"ဟုတ်တယ်လေ၊ ဘုန်းနိဒါန်းက ခြေတွေလက်တွေ မသန်တော့ သူ့ကို တွဲရဆွဲရထူရတာတွေ ရှိမယ်။ ညည်းပုံစံက အားကစားမယ်တစ်ယောက်လို ကျန်းမာသန်စွမ်းနေတော့ အဆင်ပြေတာပေါ့"

သူ့စကားကို နွေ နားမလည်။ တကယ်ဆို ယောက်ျားလူနာပဲ၊ ယောက်ျားလူနာစောင့် ခန့်ပါလား။ ဒေါ်သန်းသန်းစုကလည်း နွေ့ရင်ထဲက မေးခွန်းကို ဖတ်တတ်သည် သာ။

"ယောက်ျားလူနာစောင့်တွေလည်း ထားဖူးပါတယ်။ သူတို့ က စိတ်မရှည်ဘူး။ ဒီထက်ပိုပြီး အရေးကြီးတာက ဒါ သူဌေးအိမ်လေ၊ တွေ့ကရာယောက်ျားတစ်ယောက်ထက်စာရင် မိန်းမတွေကမှ စိတ်ချရဦးမယ်လေ
"

ဪ ... သူ့တွက်ကိန်းနဲ့ သူတော့ ဟုတ်နေတာပင်။ ကိုယ့်ဘဝကလည်း သူ့ဆန်စား ရဲရတော့ မည့်ဘဝ။ အခန်းတစ်ခုရှေ့ရောက်တော့ ဒေါ်သန်းသန်းစုက တွန်းဖွင့်ဝင်လိုက်ပြီး နွေ့ကိုလည်း ခေါင်း ညိတ်ခေါ်လိုက်သည် ။ နောက် အသံတိုးတိုးနှင့် ...

"ညည်း သူ့ကို သည်းခံရမယ်၊ စိတ်ရှည်ရမယ်နော်။ ဒါ သူဌေးလေး ဘုန်းနိဒါန်းပဲ။ သူ့ခမျာ ချစ် သူလည်း ဆုံး၊ သူလည်း ဒုက္ခိတဘဝရောက်နေရလို့ စိတ်ထိခိုက်တာတွေ စိတ်တိုတာတွေ ဖြစ်နေရရှာတာပါ။ အရင်ကတော့ လူကောင်းလေးပါ"

နွေခေါင်းညိတ်ပြလိုက်ပြီး အခန်းထဲသို့ ဝင်လိုက်ရသည် ။ ကျွဲဖြစ်မှတော့ ရွှံ့မကြောက်တော့ဘူး ဒေါ်သန်းသန်းစုရေ့။ ကျွန်မကလည်း ခေ

တ်သစ်သုဝဏ္ဏသာမ လုပ်ချင်တာပါ။ မိဘကို တတ်နိုင် သမျှ ပြုစုကျွေးချ င်တဲ့ အတွက် ဒီတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်လိုက်မှာ ပါ။

အခန်းက အခန်းကျယ်ကြီးဖြစ်ပြီး၊ သာမန်အိမ်တစ်ဆောင်လို ပြည့်ပြည့်စုံစုံ။ နွေ့မျက်စိရှေ့ တွင် ပင် ခမ်းနားလှပသည့်အိပ်ရာရှိသလို ထမင်းစားပွဲရော၊ စာကြည့်စားပွဲရော စာအုပ်ဗီရိုတွေပါ အားလုံး သူ့နေ ရာနှင့်သူ စနစ်တကျ။

ဒေါ်သန်းသန်းစုပုံစံကလည်း စောစောက သူမတွေ့ခဲ့ရသလို မျက်နှာ ရှစ်ခေါက်ချိုးကြီး မဟုတ်တော့။ ပျားရည်အိုးထဲ မှောက်ကျထားသလို ချို အီ ပြုံးအိနေ၏။

"သား ... ဒီနေ့အတွက် နောက်ကျနေလို့ စိတ်တိုနေသလား။ ဒီမှာ လေ၊ သားအတွက် စပယ် ရှယ်နာ့စ်။ သူနောက်ကျနေလို့ ပါ။ နောက်နေ့ တွေဆို သားစိတ်တိုင်းကျစေရမယ်နော်။ ကဲ! နွေမ၊ ငါ့ သားကို မျက်နှာ သစ်တာ၊ နံနက်စာကျွေးတာတွေ စလုပ်ပေးပေတော့။ အဝတ်အစားလဲ တာ သန့်စင် ခန်းဝင်တာတွေက အစပေါ့။ ငါဈေးသွားရဦးမယ်"

အိပ်ရာပေါ်မှာ မှုန်ကုပ် ပုပ်သိုးနေသည့်လူမမာကို သူမလက်ထဲ ဖြစ် ကတတ်ဆန်း ထိုးထည့်ခဲ့ပြီး ဒေါ်သန်းသန်းစု အခန်းပြင်သို့ ကမန်းက တန်း ထွက်သွားလေတော့ရာ ...

နွေရင့်ကျူး ဒူးတွေမခိုင်တော့ဘဲ နတ်ကျသလို ဇတ်ဇတ် ဇတ်ဇတ်န ှင့် တုန်ပါလေတော့သည် ။ လူမမာကိုလည်း တစ်ခါအပြင် နှစ်ခါ မကြ ည့်ရဲပေမယ့် နွေ့မျက်စိထဲမှာ မြင်လိုက်ပြီးသား။

မျက်နှာမှာ အမွေးအမှ င်တွေနှင့်မို့ အသက်ကို ခန့်မှန်းလို့ မရပေမ ယ့် သူ့အသက်ဟာ သုံး ဆယ်ဝန်းကျင်လောက်ပါ။ လူက ညှဉ်းသိုးသိုး။ နောက် ကျန်းမာရေးဂရုမစိုက်ပဲ စိတ်ဓာတ်ကျ၊ စိတ်တို ဒေါသကြီးနေလို့

လားမသိ။ လူက ခပ်ပိန်ပိန်၊ မျက်နှာမှာ အရိုးတွေက ပေါ်လို့ ငေါ်လို့ ။

ဩော် ... သံဝေဂ ကျစရာလည်း ကောင်းပါရဲ့ ။ ခမ်းနားသော တိုက်တွေ ကားတွေနှင့်ပေမယ့် ကျန်းမာရေးမကောင်းလို့ ဒုက္ခိတဘဝ ကျရောက်သွားသည့်အခါ သူ့စည်းစိမ်တွေက သူ့အတွက် အလကားပါလား။

နောက် အိမ်ပေါ်မှာ လည်း သူသေသွားသည့်အခါ အမွေလုဖို့ ၊ အမွေယူဖို့ အတွက် အသေကောင်ကို လဒစောင့်သလို စောင့်နေကြသူတွေနှင့် ။

သူဟာ စကားရော ပြောတတ်ရဲ့ လားမသိ။ စကားမပြောတတ်ရင်တော့ တကယ့်ကို ပြဿ နာ။ သည် ကြားထဲ အိပ်ရာပေါ်မှာ လူမမာကဒူးတွေ တဆတ်ဆတ်တုန်နေသည့်နွေ့ကို မျက်နှာကြီး ရှစ်ခေါက်ချိုးနှင့်ကြည့်နေရင်းမှ လှမ်းအော်လေ၏။

"ဟေ့! နှာစ်လုပ်နေပြီး ဘာမှ မတတ်ဘူးလား။ ငါ့ကို လုပ်စရာရှိတာ လုပ်ပေးလေ။ အခု မနက် ရှစ်နာရီကျော်နေပြီ၊ ခုထိ မျက်နှာလည်း မသစ်ရ၊ ဘာမှ လည်း မစားရသေးဘူး"

"ဟုတ် ... ဟုတ်ကဲ့ပါရှင့်၊ ကျွန်မ ခုပဲ လုပ်ငန်းစပါတော့မယ်"

ဟူး ... တော်ပါသေးရဲ့ ၊ လူနာက စကားပြောလို့ ရတယ်ဆိုတော့ တော်သေးတာပေါ့။

နွေ ကြောက်နေတာတွေ အကုန်ထားခဲ့ပြီး လူနာထံပြေးသွားရသည် ။ သူ့ကို အိပ်ရာပေါ်မှ ဆွဲ ထူပေးရမှာ မို့ သူ့ကို ကိုယ့်အဖေလိုပဲ နွေ သဘောထားရပေတော့မည်။ အင်း ... အဖေ့လောက်တော့ အသက်မကြီးဘူးပေါ့လေ။

ကျောပြင်မှ တွန်းပြီး ပခုံးနှစ်ဖက်ကို ဆွဲယူလိုက်သည့်အခါ လူနာက

ပေါ့ပေါ့ပါးပါးပင် ပါလာခဲ့သည် ။ သြော် ... တော်တော်ပိတ်တဲ့ လူနာပဲ။ မျက်တွင်းတွေ ဘာတွေလည်း ကျလို့ ။

ဒုက္ခိတဖြစ်နေရသည့်ကြားထဲ ကျန်းမာရေးကလည်း မကောင်းရှာ ဘူးထင်ပါရဲ့ ။ နွေ လူနာကို ကရုဏာသက်သွားမိပါသည် ။

"ဗိုးချဲပေါ်ပြောင်းပေး၊ ငါ့ဘာသာ ရေချိုးခန်း သန့်စင်ခန်းဝင်မယ်"

"ဖြစ်ပါ့မလားရှင်၊ ဟိုလေ ... ဦးလေးက မသန်စွမ်းဆိုတော့"

"ဘာ!"

လူနာနှင့်မလိုက်။ အော်ဟစ်လိုက်သံကြီးက ခုနစ်သံချီ။ နွေ ဆတ်ခနဲ လန့်တုန်သွားရ၏။

"မင်းကလား၊ ငါ့ကို ပမာမခန့်ပြောတာ"

"ဆော ... ဆောရီးပါရှင်၊ ဦးလေး မကြိုက်ရင်လည်း နွေ မပြောတော့ ပါဘူးနော်။ ဟို ... ရေချိုး ခန်းထဲမှာ ဦးလေး လဲကျနေမှာ စိုးလို့ ပါ။ ကျွန် မ လုပ်ပေးပါ့မယ်။ ခါတိုင်းရော သူတို့ လုပ်ပေးကြတာပဲ မဟုတ်လား"

"ငါ့မှာ နာ့စ်မရှိတာ တစ်ပတ်လောက်ရှိပြီ၊ နာ့စ်တွေကလည်း မာနခ ပ်ကြီးကြီးပါ။ သူတို့ ကိုယ် သူတို့ မိုးပေါ်က နတ်သမီးတွေများ မှတ်နေသ လားပဲ။ ငါကလည်း သေချင်လှပါပြီ။ မျိုး မရှိတဲ့ ဘဝမှာ မနေချင်တော့ ပါဘူး။ ကဲ! သစ်ပေးချင်လည်း ပေး"

မျိုး ... ဆိုတာ သူ့ချစ်သူပဲ ဖြစ်ရမည်။

ဘုန်းနိဒါန်း၏ ခွင့်ပြုချက်ရတော့မှ နွေသက်ပြင်းချရင်း သူ့ကို ရေချိုး ခန်းဆီသို့ ဗိုးချဲနှင့်တွန်း သွားရ၏။ နောက် မျက်နှာမသစ်မီ အမွေးအမှ င်တွေကို ရိတ်ခွင့်တောင်းလိုက်၏။

"ကျွန်မကို မျက်နှာသန့်စင်ခွင့်ပေးပါ ဦးလေး"

"ခါတိုင်းလည်း ဒီလိုနေတာပဲ"

သူ့လက်က မသန်စွမ်းသည် မို့ ကိုယ်တိုင်လည်း ရိတ်နိုင်မည်မထင်။

"ကျွန်မကတော့ ဦးလေးကို သန့်သန့်ရှင်းရှင်း ရှိစေချင်ပါတယ်။ လူ့ဘဝဆိုတာ ကြုံလာတဲ့ လောကဓံကို ရင်ဆိုင်ရမှာ ပဲ၊ ဖြတ်သန်းရမှာ ပဲ။ ရှောင်လွှဲနေလို့ ဘယ်ဖြစ်မလဲရှင့်၊ ကိုယ့် ညှံ့ရာကျ သွားမှာ ပေါ့"

"အောင်မာ! မင်းလို လက်တောက်လောက်ကလေးကများ ငါ့ကို။ ကဲ! ... ပြောစမ်းပါဦး၊ မင်းက ဘယ်လောက်ထိ လောကအကြောင်း နားလည်လို့ လဲ"

"ကျွန်မပုံစံက အနာတရတွေ ကင်းစင်နေတဲ့ လောကဓံကြီးက လွတ်မြောက်ခွင့်ပေးထားတဲ့ ပုံစံ ပေါက်နေလို့ လား။ တွေ့တွေ့ချင်းမို့ ကျွန်မရဲ့ လောကဓံကို ပြောမပြချင်သေးဘူး။ နောက်မှ ပေါ့။ လောလောဆယ်တော့ ဦးလေးရဲ့ မျက်နှာကို သန့်စင်ခွင့်ပေးပါ"

"မင်း ရိတ်ပေးတတ်လို့ လား"

"ဟုတ်ကဲ့"

"အေးပေါ့လေ၊ မင်းက နာ့စ်ဆိုတော့ လူနာတွေကို လုပ်ပေးတတ်မှာ ပေါ့။ ပြောပါဦး ... မင်း လက်နဲ့ လူနာ ဘယ်နှယောက် ပြုစုခဲ့ပြီးပြီလဲ"

သူမကို နာ့စ်လို့ ထင်နေတာကိုး။ နွေရင့်ကျူး မျက်စိလည်ရသည် ။ ဘာသဘောလဲ။ ဒေါ်သန်းသန်းစုက သူ့ကို ဘာလို့ ညာထားတာလဲ။ ဧကန္တ နာ့စ်ဆိုပြီး တစ်နေ့ တစ်ညစရိတ် ရှစ်ထောင်၊ တစ်လကို နှစ်သိန်းလေးသောင်းအသုံးပြုပြီး၊ သူမကို တစ်ဖက်လှည့်နှင့် တစ်လ ခြောက်သောင်းပေးငှားတာပဲ ဖြစ်ရမည်။ ဟင်း! တော်တော်လူပါးဝတဲ့

ဒေါ်သန်းသန်းစုပါလား။

တုန်ချင်လာသည့်အသံနှင့် ရင်ထဲက ဒေါသကို ထိန်းလိုက်ပြီး နွေ့ရင့် ကျူး သူ့ကို ဖြေရ၏။

"ကျွန်မ အခုမှ ဦးလေးတစ်ယောက်ပဲ ပြုစုဖူးတာပါ။ လိုအပ်တာရှိရ င် ပြောပါ"

ပြောပြီးသည် နှင့် နွေ့ သူ့မျက်နှာကို ဆပ်ပြာနှင့်ပွက်ကာ ဂျုတ်ဓားဖြ င့် ရိတ်ပေးလိုက်သည် ။ ဖေဖေ့ကိုလှမ်းပြီး ကျေးဇူးတင်လိုက်မိ၏။ ဖေ ဖေက လေဖြတ်ထားလို့ လုပ်ပေးရရင်း ဒါတွေ သူမ လုပ်တတ်နေတာပါ ။

နောက် မျက်နှာသစ် သွားတိုက်၊ တစ်ခါတည်း လူကိုပါ ရေဖတ်တို က်ပေးလိုက်သည် ။ ပြီး အိမ်သာကြွေခွက်ပေါ် တွဲတင်ပေးခဲ့ပြီး သူမ သ န့်စင်ခန်းအပြင်သို့ ခေတ္တထွက်ပေးရင်း ရင်ထဲမှာ နာ နေမိသည် ။

မရှိလို့ လုပ်စားရသည့်ဘဝမှာ တောင် ခေါင်းပုံဖြတ်မည့်သူက အဆ င်သင့်။ ဒေါ်သန်းသန်းစုက နွေ့အပေါ် ချည်ပြီးတုပ်ပြီးအသင့်။ စာချုပ်နှ င့်ဘာနှင့်။

ဦးဘုန်းနိုဒါန်းဟာ မသန်စွမ်းဘူးဆိုပေမယ့် ဆီးဝမ်းကိစ္စကို သူ့ဘာ သာဖြေရှင်းနိုင်လို့ တော် သေးသည် ။ အတန်ကြာမှ သူခေါ်သဖြင့် နွေ့ အထဲဝင်ကာတွဲပြီး ဝှီးချဲပေါ်တင်ပေးရ၏။ ရေချိုးခန်းထဲမှ ပြန်ထွက်လာ တော့ သူ့အခန်းကျယ်ကြီးထဲသို့ ပြန်ရောက်လာသည် ။

"ဦးလေး ဘာစားမလဲ၊ ကျွန်မ မီးဖိုမှာ သွားယူလာခဲ့မယ်လေ"

"ရတယ်၊ ဒီခလုတ်ကို နှိပ်ရုံပဲ။ သူတို့ လာပို့လိမ့်မယ်။ မင်းရော ဘာ စားပြီးပြီလဲ"

"ဟို ... "

"မစားရသေးဘူးမဟုတ်လား၊ သူတို့ လာပို့တော့ စားလိုက်ပေ့ါ"

နွေ ဘာမှ မပြောတော့ဘဲ အောက်မှ ဒေါ်မြခက် (သို့မဟုတ်) ဖြူဖြူလွင် လာပို့မှာ ကို စောင့် ကြည့်နေလိုက်သည် ။ အတန်ကြာမှ ဖြူဖြူလွင် ငွေဗန်းလေးနှင့်တက်လာ၏။ ဗန်းထဲမှာ အိုဗာတင်း တစ်ခွက်နှင့် ကိတ်မုန့်နှစ်ချပ်။

"ဆရာမအတွက်ပါ ယူခဲ့ဦးလေ၊ တိုရေရှားရေနဲ့ ၊ ငါပေးတဲ့ ပိုက်ဆံတွေ ဘယ်ရောက်ကုန်လို့ လဲ"

ဘုန်းနိဒါန်း ဒေါသတွေထွက်ပြီး ငွေလင်ဗန်းကို တွန်းပစ်လိုက်လျှင် အခန်းထဲမှာ ကွဲရှသံတွေက ကျယ်လောင်စွာ ပေါ်လာ၏။

"အို! ... ဦးလေး။ သူတို့ က အလုပ်သမားတွေပါ။ အိမ်ရှင်မ ခိုင်းတာ လုပ်ရရှာတာပါ"

"ဘာအိမ်ရှင်မလဲ၊ ဒီအိမ်မှာ အိမ်ရှင်မ မရှိဘူး"

"ဒေါ်သန်းသန်းစု စီစဉ်ပေးနေတာပဲလေ၊ သူပဲ ငွေကိုင်၊ ကျွန်မတို့ က သူခိုင်းတာ လုပ်ရတာပါ ဆရာ"

ဘုန်းနိဒါန်း အကြီးအကျယ်စိတ်ဆိုးနေတာ ပေါက်ကွဲနေတာ ဒေါ်မြခက်တို့ အတွက် မဆန်းပေမယ့်၊ နွေရင့်ကျူးအတွက်တော့ ဆန်းနေသည် ။ မျက်လုံးလေးအပြူးသားနှင့်။ သို့သော် နွေနား လည်နိုင်သည် ။ ဒီအိမ်မှာ ဒေါ်သန်းသန်းစု လူလည်လုပ်နေတာ ခံနေရပုံ။ သူမတောင် နာ့စ်အဖြစ် ဟန်ဆောင်နေရသည် မဟုတ်ပါလား။

နွေရင့်ကျူး ဘုန်းနိဒါန်းကို ဖြောင်းဖျရသည် ။

"ကဲပါ ဦးလေးရယ်၊ ဦးလေး စားချင်တာကို ပြောပါ။ ကျွန်မသွားပြီး ပြင်ဆင်ယူခဲ့ပါ့မယ်"

"ငါ့ကို လူမမာစာတွေ ကျွေးနေတာလည်း မကြိုက်ဘူး။ တစ်ခါမှ စားချင့်စဖွယ်မရှိဘူး။ ဒီမိန်း မကြီးဟာ ငါ့ကို ဂရုစိုက်သလိုလိုနဲ့ သေအောင်သတ်နေတယ်။ ငါ ခုမနက် မုန့်ဟင်းခါးစားမယ်"

လူနာ ဝိုးချဲပေါ်မှ ပေါက်ကွဲနေတုန်း နွေရင့်ကျူး ဖြူဖြူလွင့်ကိုခေါ်ကာ အောက်ထပ်သို့ အလျင်အမြန်ဆင်းလာခဲ့ရသည် ။ နောက် မုန့်ဆိုင်ဘယ်မှာ ကောင်းကောင်း ရှိလဲမေးကာ ဝယ်ရန် ထွက်လာခဲ့၏။

အိမ်မှာ ကားနှင့် ဒရိုင်ဘာ ရှိပေမယ့် ဒေါ်သန်းသန်းစုဈေးသွားဖို့ ယူသုံးသွားပေပြီ။ လမ်းထိပ်က မုန့်ဟင်းခါးဆိုင်မှာ မုန့်ပါဆယ်ဝယ်ပြီးပြန်လာတော့ လက်ဖက်ရည်ဆိုင်ထဲမှာ လူငယ်နှစ်ယောက် သူမနောက်သို့ ကပ်လိုက်လာကြသည် ။

ဟင်! ဘယ်လိုကြီးလဲ။ ဒီရပ်ကွက်ဟာ တေလေကြမ်းပိုးရပ်ကွက်လည်း မဟုတ်ဘဲနဲ့ ။

"ဟိတ်! ဒီမှာ ညီမ၊ ညီမက ဟို ... နိဒါန်းစံအိမ်ကလား"

သူတို့ ပုံစံက ဗရုတ်သုတ်ခတော့မဟုတ်။ နွေ ဘာပြန်ပြောရမှန်းမသိ ။ ကိုယ့်လမ်းသာကိုယ် အမြန်ဆုံးလျှောက်နေမိ၏။

"အဲဒီအိမ်ထဲမှာ သဲစုနန္ဒာရှိလား ညီမ၊ သူနဲ့ အဆက်အသွယ်မရတာကြာလို့ ပါ။ သူနေကောင်း ရဲ့ လား"

"မသိဘူးရှင့်၊ ကျွန်မ ဒီနေ့မှ ရောက်တာ"

"ဟာ! အဲဒါဆို သတိထား၊ ဦးရဲလင်းက စားဖားကြီး"

နွေ စိတ်ရှုပ်ထွေးစွာနှင့် အိမ်သို့ အမြန်ဆုံးပြေးလာခဲ့၏။ ဘာတွေလဲ၊ သူတို့ ပြောတာတွေ ဟုတ်ရဲ့ လား။ သတင်းမှားတွေလား။

အိမ်ထဲသို့အဝင် ရှိုးအပြည့်နှင့်ထွက်လာသည့် ဦးရဲလင်းကို တွေ့လိုက်ရသဖြင့် နွေရင့်ကျူး ဆတ်ခနဲပင် တုန်မတတ်။

"ဘာတွေသွားဝယ်တာလဲ"

"ဦးလေးက မုန့်ဟင်းခါးစားချင်တယ်ဆိုလို့ "

"တစ်ယောက်ယောက် လွှတ်ဝယ်ခိုင်းရောပေါ့ကွာ"

"သူတို့ တွေ မအားကြတာနဲ့ "

"ဒီရပ်ကွက်က သန့်ပေမယ့် လက်ဖက်ရည်ဆိုင်မှာ လူစုံတယ်လေ"

နွေဘာမှ မပြောတော့ဘဲ မုန့်ထုပ်ဆွဲကာ အိမ်ထဲဝင်မည်ပြင်ပေမယ့် ဦးရဲလင်းက စကားလက်စ မပြတ်သေး။

"နွေ့ကို ဒေါ်သန်းသန်းစု လစာဘယ်လောက်ပေးလဲ"

"ရှင်!"

သူတို့ ချင်းမတည့်ကြသည် မို့ နွေ ဘာပြန်ပြောရမှန်းမသိ။ နောက် ဒေါ်သန်းသန်းစု လူလည် လုပ်တာမခံချင်သည် ကြောင့် သူမ ပြောလိုက်၏။

"တစ်လကို ခြောက်သောင်း။ ခြောက်လစာ တစ်ခါတည်းပေးတယ်"

"ဘာ! အဲဒါ သူလူလည်ကျတာ လူပါးဝတာပဲ။ တကယ်က နာ့စ်တစ်ယောက်ရဲ့ စရိတ်က တစ် နေ့ကို ရှစ်ထောင်။ တစ်လကို နှစ်သိန်းလေးသောင်း ထုတ်ယူပြီး၊ မင်းကို ခြောက်သောင်းတည်း ပေးတယ်၊ ဟုတ်လား။ မင်းကရော ဆရာမ မဟုတ်ဘူး လား"

ညောင်မြစ်တူးရင်း ပုတ်သင်ဉတွေ ပေါ်ကုန်တော့မည်လား။ နွေက ညာပြီး အလုပ်မဝင်ပေမယ့် သူတို့ နှစ်ယောက်ကြားမှာ သူမ ညပ်ရပေတော့မည်လား။

"ကျွန်မက လူနာစောင့်ပါ၊ နာ့စ်မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ဒါ ဒေါ်သန်းသန်းစု လူလည်ကျနေတာ၊ ကြည့်နေ ... တစ်နေ့ကျ စားပြီးသမျှ တွေ အကုန်ပြန်အန်ထွက်ရစေ့မယ်"

သူ့စကားကို ဆုံးအောင်နားမထောင်တော့ဘဲ နွေ မီးဖိုဘက်သို့ အပြေးလေးဝင်လာခဲ့သည် ။ ဦးရဲလင်းကတော့ ကားနှင့် ထွက်ခွာသွားပေပြီ။ ဘုန်းနိဒါန်း၏ ပစ္စည်းများ နှင့် ကြီးပွားနေလိုက်ကြတာ လေ။

နွေ မုန့်ပန်းကန်ပြင်ဆင်ပြီး ဘုန်းနိဒါန်းထံသို့သွားကာ ခွံ့ကျွေးရပါသည် ။

"ဆရာလေးက ခြေလက်အင်္ဂါ မသန်စွမ်းတော့ အစားအစာလည်း ခွံ့ကျွေးရတယ်၊ အဝတ် အစားလဲပေးရတယ်၊ ဆီးဝမ်းကိစ္စတော့ ရှက်လို့ သူ့ဘာသာဖြေရှင်းတယ်"

ဒေါ်မြခက်ပြောထားသည့်အတိုင်းပါပဲ။ နွေ စိတ်ရှည်စွာဖြင့် ကျွေးမွေးနေစဉ် ကိုယ့်ဗိုက်ထဲမှာ ဂွီးခနဲအစာတောင်းခံသံ ထွက်ပေါ်လာသဖြင့် အရမ်းရှက်သွားရသည် ။

"မင်းလည်း ဆာနေပြီ"

"ရပါတယ်၊ ကျွန်မ အချိန်ကျမှ ထမင်းစားပါ့မယ်"

"ငါလည်း လောကကြီးမှာ လူပိုကြီးဖြစ်နေပြီ၊ ဘာမှ မစွမ်းဆောင်နိုင်တော့ဘူး၊ အသုံးမကျတော့ဘူး"

မုန့်စားပြီးသွားလျှင် ဘုန်းနိဒါန်းကို သုတ်သင်ဆေးကြောပေးလိုက်ပြီး နွေ ပန်းကန်ဆေးလိုက်သည် ။ သူ့အခန်းထဲမှာ ပဲ ဗေစင်နှင့်။

လူနာစိတ်ဓာတ်ကျနေသည် ကို တင်ပေးဖို့ နွေ တတ်သမျှမှတ်သမျှ ကြိုးစားရပေလိမ့်မည်။ သူနှင့် ခပ်နီးနီးမှာ ထိုင်ဖို့ ပြင်တော့ သူက လေသာဆောင်သို့ ဗိုးချဲကို တွန်းသွားစေသည် ။ သစ်ပင်ပန်း မာန်များ နှင့်၊ မြက်ခင်းနှင့် လှပမွေးမြနေသည့်ခြံကြီးကို အပေါ်စီးမှ မြင်ရ၏။

သူ့နောက်နားမှာ ထိုင်ခုံပုလေးနှင့်ထိုင်ရင်း နွေပြောပြနေမိသည် ။

"လူ့လောကမှာ အရေးကြီးဆုံးက ကြုံလာတဲ့ လောကဓံကို ကြံ့ကြံ့ခံနိုင်ဖို့ ပါပဲ ဦးလေးရယ်။ အခု ဦးလေးရဲ့ ရောဂါဆိုတာကလည်း ကုမရတဲ့ ကင်ဆာလို အေ့စ်လိုမျိုး မဟုတ်ပါဘူး။ တဖြည်းဖြည်း ပျောက်ကင်းသွားမယ့်ရောဂါပါ"

"ငါစိတ်မရှည်ချင်တော့ဘူး၊ ငါ့ချစ်သူက ငါ့ကို သိပ်ချစ်တာ။ အိပ်မက်ထဲတွေမှာ သူ့ကို ငါတွေ့ နေရတယ်။ ငါ့ကို သူ့နောက်လိုက်ခဲ့ဖို့ အမြဲခေါ်နေတယ်။ သူနဲ့ လက်ထပ်ဖို့ အမြဲပြောတယ်"

"ဟင်!"

ဘယ်လိုကြီးလဲ။ သူ့အချစ်က ကြီးမားတာလား။ ဒါမှ မဟုတ် အာရုံကြောတွေချည့်နဲ့ ပြီး ထင် ယောင်မြင်ယောင်တွေ များနေတာလား ။

"ဦးလေးရယ်၊ ကိုယ့်မှာ ရန်သူတွေဝိုင်းနေသလို အချိန်အခါမှာ ဦးလေးကြံ့ကြံ့ခံစမ်းပါ။ ဦးလေးဟာ တစ်ချိန်တုန်းက လျှမ်းလျှမ်းတောက်ထက်မြက်ခဲ့တဲ့ လုပ်ငန်းရှင်တစ်ဦးပါ"

"ဒါပေမဲ့ ခုတော့ ငါမောပန်းလှပါပြီ။ ငါနားချင်လှပါပြီ"

လူနာက တော်တော်စိတ်ဓာတ်ကျပြီး ဘာမှန်းညာမှန်း မသိသလိုဖြစ်လိုက်၊ သိတဲ့ အခါ သိလိုက်။ ဘာလဲတော့မသိ။ နွေ့ သူနှင့်အတိုက်အခံမပြောတော့ဘဲ အကြံရကျပ်နေစဉ်၊ သူက နွေ့ အကြောင်း မေး လာလေသည် ။

"မင်းက စကားကြီးစကားကျယ်တွေ ပြောတတ်တယ်။ မင်းပြောတဲ့ လောကဓံကို ဘယ် လောက်များ ခံစားခဲ့ရပြီလဲ။ ပြောပါဦး"

"ကျွန်မ ဒီရောက်တာ တစ်ရက်တောင် မပြည့်သေးဘူး။ ကျွန်မအကြောင်းတွေက မလှပဘဲ စုတ်ပြတ်ကြေကွဲစရာကောင်းတော့ လူတိုင်းကို ပြောမပြချင်ပါဘူးရှင်"

"ငါ့ကိုတော့ ပြောပြရမယ်၊ ဘာလဲ ... မင်းက အိပ်ရာပေါ်မှာ ဗိုးချဲ ပေါ်မှာ သေရက်စောင့်နေရတဲ့ သူမို့ ပြောမပြချင်တာလား"

ရှည်သောအရပ်၊ ပိန်ပါးသော ခန္ဓာကိုယ်နှင့် အသားအရေဖြူဖျော့နေပေမယ့် ဘုန်းနိုဒါန်း အသွင်က တစ်ချိန်က လှပချောမောခန့်ထည်ခဲ့မည့်ပုံ။ ဓာတ်ပုံထဲမှာ တော်တော်ကြည့်ကောင်းခဲ့တာပါပဲ။

ဘုန်းနိုဒါန်းကလည်း နွေ့ရင့်ကျူးကို မျက်မှောင်ကြုတ်ပြီး ပြန်ကြည့်နေခဲ့သည် ။ သူမ၏ ရုပ်က သူ့ရဲ့ မျိုးနှင့်တူသလိုလို။ မျိုးက အလှအပတွေပြင်ဆင်ထားတတ်ပြီး သူမကတော့ သဘာဝရုပ်ပါ။

မျိုးက သူ့ကို ကလေးတစ်ယောက်လို အမြဲချွဲနွဲ့နေတတ်ပြီး သူမက တော့ အရိုးခံ။ အင်းလေ၊ သူက ငါ့ရဲ့ ချစ်သူမှ မဟုတ်တာ။ ငါ့ရဲ့ နာ့စ်ပဲ။ စိတ်ကောင်းလေးလည်း ရှိမယ့်ပုံ။

သူ မျိုးနှင့်အတူ စတိတ်ရှိုးတစ်ခုသို့သွားရင်း ကားအက်ဆီးဒင့်ဖြစ်ခဲ့

တာ လေးလပင် ပြည့်ခဲ့ ပြီ။ မျိုးက ပွဲချင်းပြီးသေဆုံးခဲ့ပြီး သူကတော့ ဒု က္ခိတဘဝကို ရောက်ခဲ့သည် ။

ခါးဆစ်ရိုးကို ထိသွားခဲ့တာကြောင့် အကြောတွေ ချည့်နဲ့ သွားပြီး ခြေ တွေလက်တွေ ကောင်း ကောင်းမသန်စွမ်းတော့ချေ။ ဆေးကုသခံရင်း တစ်ချိန်ချိန်မှာ ပြန်ကောင်းလာနိုင်သည် ဆိုပေမယ့် စိတ်သွားတိုင်း ကို ယ်မပါနိုင်ဘဲ၊ အိပ်ရာပေါ်မှာ ဝိုးချဲပေါ်မှာ သူများ ပြုသမျှ နုရသည့်ဘဝ ကို သူ ကြွံကြွံ မခံချင်တော့။

သူ့မှာ မိသားစုမရှိ၊ အားပေးဖော် နွေးထွေးစွာ ပြုစုမည့် အဖော်မရှိ။ ငွေဟာ အရာရာကို ဖန်တီးနိုင်တာမဟုတ်မှန်း သူသိရှိခဲ့ပြီ။

မျိုး၏ အမေက သူ့အိမ်ပေါ်အတင်း လာပြီး သူ့ကို ပြုစုသလိုလိုနှင့် အခွင့်အရေးကို အပိုင်ကိုင်ဖို့ ချောင်းနေတာ။ သူ့အစ်ကိုဝမ်းကွဲကလည်း အိမ်ပေါ်ခွတ်တက် လာပြီး သူသေလျှင် အမွေတွေ သိမ်း ယူဖို့ အသင့်။ ဘုန်းနိဒါန်းရဲ့ ရောဂါက ကင်ဆာ၊ အေ့ဒ်စ်လိုမျိုး ကုမရသည့်ရောဂါမဟု တ်ဘဲ အိပ်ရာထဲမှာ မလှုပ်နိုင်ရုံလောက်ဆိုတော့ သူတို့ အသည်းယားနေကြမှာ ဘဲ။

ဘုန်းနိဒါန်းကလည်း ခါတိုင်းတော့ ဆေးတွေကြောင့်လား၊ ရောဂါကြောင့်လားမသိ၊ အမြဲ မူးဝေနေပြီး အာရုံတွေ ထွေပြားနေသမျှ ...

ယခု မျိုးနှင့်ဆင်သည့်ကောင်မလေးကို တွေ့လိုက်သည့်အခါ ဝေမှ ုင်းချပ်ပြားနေသည့် သူ့ ဦးနှောက်ကြီးဟာ ဝေါက်ခနဲ လင်းလက်လာသ လို။

သေနေ့စောင့်နေသည့် သစ်ခြောက်ပင်တစ်ပင်အပေါ် မိုးရေအေး တွေ ဖျန်းပက်လာသလို။

တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ငေးမောကြည့်နေရင်းမှ နွေ့ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်သည် ။

"ဦးလေးက ပြောစေချင်လည်း ကျွန်မ ပြောပြပါ့မယ်။ ဒါပေမဲ့ ကျွန်မ ဒုက္ခတွေက မျက်လှည့် ပြလိုက်သလို အခု သုံးလေးလအတွင်းမှ အရမ်း ဆိုးဝါးလာခဲ့တာ။ ယုံပါ့မလားတောင် မသိဘူး"

"ယုံပါတယ် ... ကိုယ့်ဒုက္ခဆိုရင်လည်း သာယာနေတဲ့ ကောင်းကင်ကြီးမှာ အလျှင်အမြန် မုန်တိုင်း တိုက်ခတ်သွားသလို အပြောင်းအလဲမြန်လွန်းလို့ ခုထိတောင် အိပ်မက်လားလို့ ထင်နေတုန်းပဲ"

သူက နွေ့ကို ကြည့်ပြီး သူမပြောပြသမျှ နားထောင်ဖို့ အာရုံစူးစိုက်လိုက်လျှင် နွေ့ ကိုယ့် အကြောင်းကို မျက်ရည်အဝဲသားနှင့် ပြောပြလိုက်မိသည် ။

"ကျွန်မက ကောလိပ်ကျောင်းသူ၊ ဒုတိယနှစ်တက်နေသလို မောင်လေးက ဆယ်တန်း ကျောင်းသားပါ။ ဖေဖေက သစ်စက်မန်နေဂျာ။ မေမေက အိမ်ထောင်မှုနိုင်နင်းပြီး မိသားစုအပေါ် သိပ်ပြီးချစ်ခင်ကြင်နာသူပါ"

ပြောရင်းမှ နွေ့အသံလေး တုန်လှိုက်လာခဲ့သည် ။

"တစ်နေ့တော့ ဖေဖေဟာ လစာထုတ်သွားရင်း သစ်ခိုးရောင်းလို့ ဝမ်နင်အပေးခံရတဲ့ အလုပ် သမားအုပ်စုက ဖေဖေ့ကို ဝိုင်းရိုက်ကြတယ်။ မောင်လေးလည်း ပါသွားတော့ ရုန်းရင်းဆန်ခတ်ထဲမှာ လူသတ်မှုဖြစ်ခဲ့ပြီး မောင်လေးကို စွပ်စွဲလိုက်ကြတယ်"

နွေ့ရှိုက်သံက အဲဒီအဖြစ်အပျက်ကို ယခုပင် နာကျင်ရလွန်းလို့ ပါ။

သာယာနေခဲ့သည့် သူမတို့ မိသားစုဘဝလေး ပြိုကွဲပျက်သုဉ်းခဲ့ရတာ ကံကြမ္မာကြောင့်လား။ အဲဒီလူတစ်စုကြောင့်လား။

"နောက်တော့ အမှုတွေ ရင်ဆိုင်ရတယ်။ ဖေဖေ့မှာ လည်း ဒဏ်ရာတွေ အကြီးအကျယ်ရခဲ့ပြီး ခုထိ မသန်စွမ်းဘဝနဲ့ နေရတော့တယ်။ မောင်လေးလည်း ထောင်ခုနစ်နှစ်ကျသွားခဲ့ပြီ။ ရှိသမျှ ပစ္စည်းဥစ္စာတွေလည်း ကုန်၊ တစ်မိသားစုလုံးလည်း ဒုက္ခအကြီးအကျယ် ရောက်ခဲ့ရတာတွေကို တစ်ခါတစ်ခါ အိပ်မက်ဆိုးတစ်ခုလို့ ပဲ ဖြစ်လိုက်ပါတော့လို့ ဆုတောင်းမိပါတယ်ရှင်"

"ဩော် ... "

စီးကျလာသည့်မျက်ရည်များကို အတင်းချုပ်ရင်းသိမ်းရင်းမှ တရှိုက်ရှိုက် ဖြစ်နေရှာသည့်နွေ့ကို ဘုန်းနိုဒါန်း ကရုဏာသက်စွာ ငေးကြည့်နေမိစဉ် ...

အနားသို့ ဒေါ်သန်းသန်းစု ရောက် လာပြီး နွေ့ကို ဆူပူကြိမ်းမောင်းတော့သည် ။

"လူနာကို စိတ်ဆင်းရဲအောင် ဘာတွေလျှောက်ပြောနေသလဲ။ သားနော် ဒီကောင်မကို မယုံနဲ့ ။ အလကား ... သားဆီက ငွေကြေးထောက်ပံ့မှုယူချင်လို့ လံကြုတ်ဇာတ်လမ်းတွေ ပြောပြနေတာ။ ဒီမှာ ညည်းအလုပ်က လူနာပြုစုဖို့ ပဲ၊ ဘာမှ အလွှာပသလွှာပစကားတွေ ပြောနေစရာမလိုဘူး။ ငါပြန်လာတာ ဦးပေလို့ ပဲ၊ ကဲ! သားရေ နေ့လယ်စာ ဘာစားချင်သလဲပြော။ မေမေ ငါးကြော်နဲ့ ကြက်စွပ် ပြုတ်စီစဉ်ထားတယ်"

"လူမမာစာကြီး မစားချင်ပါဘူး"

"ဩော် ... သားရယ်၊ သားက လူမမာပဲဟာ၊ အလုပ်အရှားလည်း မရှိ

တော့ အစာမကြေမှာ စိုးတယ်လေ။ ဆရာဝန်ကိုယ်တိုင်ကလည်း စွပ်ပြုတ်နဲ့ ကြက်ပေါင်းရည်တို့ ဘာတို့ ပဲ ကျွေးခိုင်းတာ"

"မစားချင်ဘူးဗျာ၊ ကျုပ်ကို ချဉ်ဟင်းနဲ့ ငါးရေချိုချက်၊ မြင်းခွာရွက်သုပ် စီစဉ်ပေး"

"အမယ်လေး ... အမယ်လေး ... သားရယ်၊ ဒီလို အစာကြမ်းတွေ ဘယ်ဖြစ်ပါ့မလဲကွယ်။ သားက လိမ္မာပါတယ်နော်။ မေမေ ကြက်စွပ်ပြုတ်ကောင်းကောင်း လေး မညှီအောင် ပြုတ်ပေးမယ်နော် ... နော်"

လူနာ ဘာဖြစ်လို့ ပိန်နေသလဲဆိုတာ နွေ့ ယခုမှ သဘောပေါက်၏။ လူနာစားချင်တာကို ဘာမှ မကျွေးဘဲ မစားချင်အောင် လုပ်နေတာကိုး။

ဘုန်းနိုဒါန်းက မျက်နှာကို အလိုမကျလို့ စူပုပ်ထားပြီး ဒေါ်သန်းသန်းစုကို ဘာမှ ပြန်မပြောတော့။ ပြောလို့ လည်း ရမှာ မဟုတ်။

"သြော် ... ဒါထက် သားရေ၊ မေမေ့သမီး အငယ်မလေး သဲစုနန္ဒာ မနက်ဖြန်ရောက်လာမယ်။ သူလည်း ကျောင်းပြီးသွားပြီလေ။ အသက်လည်း နှစ်ဆယ်ပြည့်သွားပြီ။ သားကို ပြုစုဖို့ မေမေလှမ်းမှာ လိုက်တာ။ အမယ်လေး! သူ့အဖေနဲ့ အသည်းအသန် စကားများ ရသေးတယ်ရှင်ရေ့။ မနက်ဖြန် ပုသိမ်က ရောက်လာမယ်"

ဘုန်းနိုဒါန်းကတော့ အင်းမလှုပ်အဲမလှုပ်။ ဒီမိန်းမကြီးရောက်လာကတည်းက သူ့လူတွေဟာလည်း သူ့စကားထက် ဒေါ်သန်းသန်းစုစကားကို ပိုကြောက်နေကြရသည် ။ တစ်အိမ်လုံး ဒေါ်သန်းသန်းစုအောက်မှာ ပြားပြားဝပ်လို့ ။

ဒေါ်သန်းသန်းစုက နွေ့ကို မျက်စောင်းထိုးပြီး ...

"ကဲ! လူနာအနားမှာ အလကားထိုင်မနေနဲ့ ။ မီးပူတိုက်စရာတွေ အ

များကြီးရှိတယ်။ ယူတိုက် လိုက်"

သူ့စကားကို ဘုန်းနိဒါန်းကပင် ဖြတ်ချလိုက်၏။

"ကျုပ် သူ့ကို စာဖတ်ပြခိုင်းမလို့ ။ ကိုယ့်အလုပ် ကိုယ်လုပ်ကြ၊ ဒါပဲ"

"ဪ ... ရပါတယ်သားရယ်၊ မေမေက သူ့ကို သားခိုင်းစရာမရှိဘူး မှတ်လို့ ပါ။ ကဲ ... မေမေ ထမင်းဟင်းသွားချက်လိုက်ဦးမယ်နော်"

ဒေါ်သန်းသန်းစုဟာ တော်တော်ကြောက်စရာကောင်းပါလား။ သူ့ကို စေတနာရှိတာမဟုတ်။ ချိုချိုလေးနှင့်သတ်မည့်သူ။

ဘုန်းနိဒါန်း သက်ပြင်းချရင်း စဉ်းစားရ၏။ ငါ ဒီညောင်ပင်တွေကို အရှုံးပေးသင့်သလား။ င့ါကို ဝါးမျိုဖျက်ဆီးကြမှာ ကို ငြိမ်ခံနေသင့်သလား။ င့ါအသက် င့ါစည်းစိမ်တွေ အလကားအဖြစ်ခံသင့်သလား။ သေသေချာချာ စဉ်းစားရပေတော့မည်။

******